ဘိက္ခုနံ၊ ရဟန်းတို့၏။ အလာဘာယ၊ လာဘ်မရခြင်းငှါ။ ပရိသက္ကတိ၊ အားထုတ်၏။ ဘိက္ခုနံ၊ ရဟန်းတို့၏။ အနတ္ထာယ၊ အကျိုးမဲ့ဖြစ်ခြင်းငှါ။ ပရိသက္ကတိ၊ အားထုတ်၏။ ဘိက္ခုနံ၊ ရဟန်းတို့၏။ အဝါသာယ၊ နေမြဲကျောင်း၌ မနေနိုင်ခြင်းငှါ။ ပရိသက္ကတိ့၊ အားထုတ်၏။ ဘိက္ခူ၊ ရဟန်းတို့ကို။ အက္ကောသတိ၊ ဆဲရေး၏။ ပရိဘာသတိ၊ ခြိမ်းချောက်၏။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခူဟိ၊ အခြား ရဟန်းတို့နှင့်။ ဘေဒေတိ၊ ကွဲပြားအောင် ဂုံးတိုက်၏။ ဒသဟိ၊ ဆယ်ပါးကုန်သော။ ဣမေဟိ အင်္ဂေဟိ၊ဤအကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ သာမဏေရဿ၊ သာမဏေ၏(အပေါ်၌)။ ဒဏ္ဍကမ္မံ၊ ဒဏ်အမှုကို။ ကာတဗ္ဗံ၊ ပြုထိုက်၏။

## အနက်ပေးပုံ ရှင်းလင်းချက်

"ပါဏာတိပါတ–သူ့အသက်ကို သတ်လေ့ ရှိသည်"ဟု တဿီလအနက်ကို သုံးစွဲကြ၏၊ သို့သော် "အလေ့"ဟူသည် တကြိမ်တခါ လွန်ကျူးခြင်း မဟုတ်, မကြာခဏ လွန်ကျူးမှု "အလေ့အလာ ဝါသနာ"ဟု ဆိုထိုက်သည်၊ ဤလိင်-ဒဏ် အခဏ်း၌ကား တကြိမ်တခါ လွန်ကျူးလျှင်လည်း လိင်ကျ-ဒဏ်ထိုက်၏၊ ထို့ကြောင့် သိက္ခာပုဒ်တိုင်း၌ "အလေ့"ဟု မသုံးဘဲ သဒ္ဒါအနေလိုက်၍ ကတ္တုသာခနနက်ဖြစ်စေ ရိုးရိုး အဿတ္ထိအနက်ဖြစ်စေ ပေးလိုက်သည်။

နှစ္စ။ပ။ ဝိသူကဒဿနော–သာသနဿ အနနုလောမတ္တာ ဝိသူကံ ပဋ္ဋာဏိဘူတံ ဒဿနန္တိ ဝိသူကဒဿနံ။ (သီလက္ခန် အဋ္ဌကထာ)၊ "သဗ္ဗပါပဿ အကရဏံ။ပ။ ဧတံ ဗုဒ္ဓါန-